

TV
Team Villians
ဗီလိန်တစ်ဦး၏
ကံကြမ္မာ
(ဂူချန်းဂျိုး)
(Chapter 61 - 75)
စာစဉ် - ၅
ဘာသာပြန် စာရေးဆရာ - လင်းသန့်

## အပိုင်း(၆၁)

ဂူချန်းဂျိတို့အုပ်စု ရောက်လာခဲ့သည်ကို မော်သားရဲများနှင့် အလောင်းကောင်များ၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းကိုခံနေရသည့် ရီလျူလွီတို့ သတိထားမိသွားကြသည်။

"ဂူချန်းဂျီ မဟုတ်လား..။"

"ဘာလို့ သူဒီလောက်မြန်မြန် ရောက်လာခဲ့တာလဲ..။"

ဂူချန်းဂျီကို မြင်လိုက်သည်နှင့် ရီလျူလွီမျက်နှာ ပျက်သွားခဲ့သည်။

အမှန်တော့ ရီချန်ကိုသတ်ဖို့ စိတ်ဝင်စားခြင်းမရှိဘူးဟု ဂူချန်ဂျီ ဖွင့်ပြောခဲ့သော်လည်း ရီလျူလွီစိုးရိမ်နေဆဲပင်။

ဂူချန်းဂျီလိုလူမျိုးက စကားမှန်ကို မည်မျှပြောနိုင်လိမ့်မည်နည်း...။

သူမစိတ်ထဲ၌ တစ်စုံတစ်ခုက မှားယွင်းနေသည်ဟု အမြဲသံသယရှိနေခဲ့သည်။

ဂူချန်းဂျီ သူမအကိုရီချန်ကိုမသတ်ပဲထားရသည်မှာ အခြားအကြံအစဥ် မျိုး ရှိနေနိုင်တာပဲ ဖြစ်သည်။

ဂူချန်းဂျီ၏ ရည်ရွယ်ချက်အစစ်အမှန်ကိုတော့ သူမသည်လည်း ဖော်ထုတ်န်ိုင်ခဲ့ခြင်း မရှိပေ။

သို့သောလည်း ယခုလိုချိန်၌ ဂူချန်းဂျီကို မြင်လိုက်ရသည်နှင့် သူမလျင်မြန်စွာပဲ ခန့်မှန်းနိုင်လိုက်၏။

၎င်းမှာ လျို့ဝှက်နယ်မြေနှင့် ပက်သတ်မှုရှိနေခြင်းပင် ဖြစ်သည်။

ဂူချန်းဂျီ၏နောက်ခံအရ အဆင့်တစ်ဝက်သူတော်စင်အဆင့်ပုဂ္ဂိုလ်တစ်ဦး၏အမွေအနှစ်ကို သူမက်မောနေလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် လျို့ဝှက်နယ်မြေအတွင်းရှိ တစ်စုံတစ်ခုသော အရာကြောင့်ဖြစ်နိုင်သည်။

"မဟုတ်သေးပါဘူး…။"

"အကိုကြီးရီချန်အပြောရဆို မြေပုံက သူဆီမှာပဲ ရှိတာတဲ့…။"

"ဒါဆို ဘယ်လိုလုပ်ပြီးတော့ ဂူချန်းဂျီ ဒီနေရာကို ရောက်လာခဲ့တာလဲ…။"

"သူ့ကိုကြည့်ရတာ တည်တည်ငြိမ်ငြိမ်နဲ့ သက်တောင့်သက်သာရှိနေတယ်…။"

"လမ်းမှာ အတားအဆီးတွေ မှော်သားရဲတွေနဲ့တောင် တွေ့ခဲ့ပုံမရဘူး…။"

"သူငါတို့နောက်ကို လိုက်ခဲ့တာပဲ ဖြစ်ရမယ်…။"

"ဒါမှမဟုတ်ရင် အကိုကြီးရီချန်ကို လှည့်စားမှုတစ်ခုခု လုပ်ထားခဲ့တာမျိုးပဲ ဖြစ်မယ်…။"

"သူ့ရည်ရွယ်ချက်မှန်က ဒါပဲဖြစ်နိုင်တယ်….။"

ရီလျူလို စဥ်းစားရင်းနှင့် ဂူချန်းဂျီ၏ ရည်ရွယ်ချက်မှန်ကို ရိပ်စားမိသလ်ိုဖြစ်သွားခဲ့ပြီး သူမတစ်ကိုယ်လုံးပင် အေးစက်လာခဲ့ရ၏။

ဂူချန်းဂျီသည် အင်မတန်မှပဲ ကြောက်ဖို့ကောင်းသည့်သူတစ်ယောက်ဖြစ်သည်။

"ဘာလိုလုပ်ပြီး သူ့ရဲ့စိတ်က ဒီလောက်တောင် ကြောက်စရာကောင်းနေခဲ့တာလဲ…။"

"အချိန်အကြာကြီး အကိုကြီးရီချန်ကို မသတ်ပဲထားခဲ့တာက အကြောင်းရှိနေလို့ပဲကိုး…။"

ရီလျှူလို့တွေးမိလေလေ ကျောချမ်းလာရလေလေပဲ ဖြစ်သည်။

"ကြည့်ရတာ ငါအချိန်ကိုက် ရောက်လာခဲ့ပုံပဲ...။"

မြေအောက်မြို့တော်ဝင်ပေါက်လမ်းထောင့်၌ ဂူချန်ဂျီလျှောက်လာခဲ့သည်။

ရှေ့တွင်ရှိသည့် မြင်ကွင်းကိုကြည့်ပြီး လှောင်ပြုံးတစ်ခုပင် ဖြစ်လာရသည်။

သူ့အသွင်က အမှန်တကယ်ပဲ သက်တောင့်သက်သာရှိနေသည့်အသွင်မျိုးဖြစ်သည်။

သူ့နောက်မှလိုက်ပါလာကြသူများမှာ ဂူချန်းဂျီအပေါ် ပိုလို့ပင်လေးစားနေကြ၏။

ယခုလို အန္တရာယ်များသည့် ပတ်ဝန်းကျင်၌ ဘေးရန်ကင်းသည့်လမ်းကို ဂူချန်းဂျီကြောင့် ထိုသူတွေ လျှောက်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

၎င်းတို့စိတ်ထဲ မည်သို့တွေးနေကြမည်ကို ဂူချန်းဂျီ သိရှိထားခဲ့၏။

သို့သော်လည်း ၎င်းမှာ ရီချန်၏ကျေးဇူးကြောင့်ဟုဆိုရင်လည်း မမှားပေ။

သူ့အနေနဲ့ ရီချန်ဖောက်သည့်လမ်းကို လျှောက်လှမ်းရုံသက်သက်မျှသာဖြစ်သည်။

"ဂူချန်းဂျီ...။"

" ရှင်ဘယ်လိုလုပ်ပြီး ဒီနေရာကိုရောက်နေခဲ့တာလဲ....။"

မှော်သားရဲ့များနှင့် အလောင်းကောင်များကို အပြင်းအထန်တိုက်ခိုက်နေရင်းမှ ရီလျှူလို့ မေးလိုက်ခြင်း ဖြစ်သည်။

အမှန်တော့ သူမရီချန်အတွက်အချိန်ဆွဲလိုသောကြောင့် သိသိလျက်မေးလိုက်ခြင်း ဖြစ်သည်။

"ဘာကြောင့်လဲ ဟုတ်လား...။"

"မင်းတို့ရဲ့ ကျေးဇူးကြောင့်ပေါ့...။"

"အခုလိုမျိုး ငါ့အတွက် အလုပ်ရှုပ်စေမယ့်အရာတွေကိုရှင်းပေးလို့ ကျေးဇူးတင်တယ်...။"

ဂူချန်းဂျီ ပြုံးလျှက် ပြောလိုက်၏။

"ငါ့တို့ကြောင့် ဟုတ်လား..။"

"ရှင်ဘာတွေပြောနေတာလဲ...။"

"ဘာလို့ ငါနားမလည်ရတာလဲ..။"

"ရှင့်အကြံအစည်က ဘာလဲ...။"

ရီလျူလွီ ကျယ်လောင်စွာ အော်ဟစ်လိုက်၏။

စိတ်ထဲတွင်တော့ ထင်ထားသည့်အတိုင်းပဲဟု ကျိတ်ပြီးတွေးလိုက်သည်။

သူမ၏ အကိုဖြစ်သူမှာ ဂူချန်းဂျီ၏ခြေ့ကွက်အောက်တွင် လိုက်ပါနေရခြင်း ဖြစ်သည်။

အဆုံးထိတိုင်အောင် ရီချန်သည် ဂူချန်းဂျီ မျက်စိအောက်မှ ပုန်းကွယ်နိုင်ခဲ့ခြင်း မရှိခဲ့ချေ။

ဂူချန်းဂျီ ရီလျူလွီကို စိုက်ကြည့်ကာ ရယ်မောလိုက်၏။

"မင်းနားမလည်လည်း ကိစ္စမရှိဘူး...။"

"လောလောဆယ်တော့ ငါ့ကိုအချိန်ဆွဲဖို့ ကြိုးစားမနေနဲ့...။"

"မင်းရဲ့ဦးနှောက်သေးသေးနဲ့ ငါ့ကိုလှည့်စားနိုင်မယ်လို့ ထင်နေတာလား...။"

"ဘုန်း.....။"

ဂူချန်းဂျီ စကားဆုံးသည်နှင့် သူ့အနီးမှ လင်းမိသားစုအကြီးအကဲများက စတင်လှုပ်ရှားလိုက်တော့သည်။

ဂူချန်းဂျီ ရှေ့၌ ရှိနေသည့် မှော်သားရဲများမှာ တစ်စစီ ဖြစ်သွားကြကုန်သည်။

ဂူချန်းဂျီအတွက် လမ်းရှင်းပေးနေကြတာ ဖြစ်သည်။

ထိုသူများမှာ အရေအတွက်ခြင်း ယှဉ်ရင်ပင် ရီလျူလွှီ၏ အစေခံများထက် များပြားနေသည်ဖြစ်ပြီး အဖိုးကြီးမင်လို စွမ်းအားမြင့်သူတစ်ဦး ရှိနေသည်ကိုတော့ ထည့်ပြောစရာပင်မလိုတော့ချေ။

သူ့အနေနဲ့ ယခုလိုနေရာမျိုး၌ ကျင့်ကြံမှုအဆင့်ကို ဖိနှိပ်ထားခဲ့ရသော်လည်း သာမန်ကျင့်ကြံသူများနှင့် နှိုင်းယှဉ်နိုင်မည် မဟုတ်ပေ။

"ဂူချန်းဂျီ....။"

ရီလျူလွှီ၏ မျက်နှာမှာ သွေးမရှိသလိုပင် ဖြူရော်သွားတော့သည်။

သူ့မကို ဒေါ်လေးယွဲ့မှကာကွယ်ပေးနေသည် ဖြစ်သော်လည်း ဂူချန်းဂျီလိုတော့ မြေအောက်မြို့တော်အတွင်းပိုင်းသို့ သွားနိုင်ခြင်းမရှိပေ။

သူမတို့အနီးတစ်ဝိုက်သို့ မှော်သားရဲများနှင့် အလောင်းကောင်များက ဒီရေလှိုင်းများသဖွယ် ဝန်းရံနေကြခြင်းကြောင့် ဖြစ်သည်။

တစ်ခုရှိသေးသည်...။

ထိုမှော်သားရဲများ၏ အရှိန်အဝါများက ဂူချန်းဂျီအနီးသို့ရောက်သွားခဲ့လျှင် အကြောင်းရင်းမရှိပဲ အားလျော့သွားခဲ့ကြသည်ကို သူမနားမလည်နိုင်ခဲ့ပေ...။

မှော်သားရဲများ၌ ခိုဝင်နေကြသည့် နတ်ဆိုးစွမ်းအင်များမှာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ရတာ ဖြစ်သည်။

ဂူချန်းဂျီ၏ အရေးမစိုက်ဟန်ဖြင့် လက်ဝှေ့ယမ်းသည်ပင် သူ့ရှေ့တွင်ရှိသော မှော်သားရဲများမှာ ပြာပုံဘဝသို့ ပြောင်းလဲသွားခဲ့တာ ဖြစ်သည်။

ရီလျူလွီ၏ စိတ်ထဲ၌ ရီချန်အပေါ်စိုးရိမ်စိတ်များပင် ဝင်လာခဲ့တော့သည်။

ဂူချန်းဂျီလို ရန်သူမျိုးကို ရင်ဆိုင်ရမည့် ရီချန်မှာ ပြိုင်ဘက်ဖြစ်နေနိုင်မည် မဟုတ်သောကြောင့် ဖြစ်သည်။

"အဖိုးကြီးမင် အဝင်ဝမှာစောင့်နေ…။"

"ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးနဲ့….။"

ရီလျူလွီ၏ စိတ်ထဲ၌ မည်သည့်အရာများဖြစ်နေမည်ကို ဂူချန်းဂျီ ဂရုစိုက်ခြင်းမရှိပဲ အမိန့်ပေးလိုက်၏။

ထို့နောက် ရီချန်ရှိနေမည့် အရပ်ကို ဦးတည်ထွက်သွားလိုက်တော့သည်။

"စိတ်ချပါ သခင်လေး…။"

"ဒီကျွန်အိုကြီး အသက်ရှင်နေသေးသရွေ့ ခြင်တစ်ကောင်တောင်မှ သခင်ဆီကို ရောက်မလာစေရပါဘူး…။"

"ဘုန်း….။"

အဖိုးကြီးမင်လောင်စကားဆုံးသည်နှင့် သူ့ကိုယ်မှ ကြောက်မက်ဖွယ်ရာ အရှိန်တစ်ရပ်ကို လွှင့်ထုတ်လိုက်တော့သည်။

တစ်ချိန်ထဲမှာပဲ သူ့လက်ထဲ၌ တောက်ပသည့်မှော်သင်္ကေတများကို ထွင်းထုထားကာ ပြင်းထန်သည့်အရှိန်အဝါများထုတ်လွှတ်နေသည့် သွေးနီရောင်ဓားတစ်လက်က ရောက်ရှိလာခဲ့တော့သည်။

…………………………………………………

"ငါ အဲဒီနေရာကို မြန်မြန်ရောက်မှ ဖြစ်မယ်…။"

" ငါ့အနေနဲ့ အဲဒီနေရာက ဝက်ပါတွေကို ထိန်းချုပ်နိုင်မှ ဖြစ်မယ်...။"

"ဒါမှ လျှူလွှီရင်ဆိုင်နေရတဲ့ မှော်သားရဲတွေကို လက်စတုံးနိုင်မှာ...။"

"လျှူလွှီ ခနလေး သည်းခံပေးပါ...။"

"အမြန်ဆုံးပဲ ငါပြန်လာခဲ့ပါ့မယ်....။"

ရီချန် အံသွားကိုတင်းနေအောင်စေ့ထားပြီး ရေရွတ်နေခဲ့၏။

သူ့တွင်ရှိသည့်အမြန်နှုန်းကို အဆုံးစွန်ထိအောင်တိုးမြင့်ကာ နတ်ဘုရားအလင်းတန်းသဖွယ် တစ်ကိုယ်ထဲ ပြေးလွှားနေခဲ့၏။

ထိုအခိုက် သူတွင်ရှိသည့် လျို့ဝှက်နယ်မြေသော့မှာ လင်းလက်လာခဲ့သည်။

"ရောက်ပြီ...။"

"ငါ့အတွက် အမွေအနှစ်တွေက ဒီနေရာမှာပဲ....။"

နာရီဝက်မျှ မနားတမ်းပြေးလွှားခဲ့ရသောကြောင့် ရီချန်ဦးခေါင်းထက်မှ ချွေးများပင် ကျဆင်းလို့နေ၏။

အဆုံးတွင် ကြေးနီရောင်မုဒ်တံခါးတစ်ချပ်၏ရှေ့သို့ ရီချန်ရောက်လာခဲ့သည်။

၎င်းကိုမြင်လိုက်သည်နှင့် ရီချန် စိတ်အားတက်ကြွသွားခဲ့ကာ သူကြိုးစားသမျှတွေက သဲထဲရေသွန်မဖြစ်ခဲ့ဘူးဟုပင် တွေးမိလိုက်တော့သည်။

သူ့ရှေ့၌ ရှိနေ့သည်နေရာမှာ မီးခိုးရောင် မြူခိုးများဖြင့် ဖုံးလွှမ်းနေခဲ့တာဖြစ်သည်။

လေထုမှာ နတ်ဆိုးစွမ်းအင်ကြောင့် အေးစက်စက်ရှိနေခဲ့ကာ ထူးဆန်းသည့် ခံစားမှုတစ်ရပ်ကိုပင် ခံစားရစေ၏။

ကြမ်းပြင်တစ်ခုလုံး၌ အရိုးဖြူများဖြင့် ပွလန်ကျဲလျှက် ရှိနေသည်။

၎င်းတို့ကြား၌ မှော်လက်နက်အပိုင်းအစမြောက်များစွာပါဝင်နေကြသည်ကို ရီချန်တွေ့လိုက်ရသည်။

၎င်းတို့က တည်ရှိနေခဲ့သည်မှာ အချိန်ကြာမြင့်စွာရှိနေပုံရပြီး ဖုံမှုန်များ ပင့်ကူမျှင်များဖြင့် ဖုံးလွှမ်းလို့ထားသည်။

အချို့များမှာ သံချေးပင် တက်နေကြကုန်ပြီဖြစ်သည် ထိုလက်နက်မှာပေါ်၌ ထွင်းထုထားသည့် အမှတ်အသားများအရ နှစ်ထောင်ပေါင်းမည်မျှခန့်ကိုပင် သိနိုင်မည်မဟုတ်ပေ။

ခမ်းခြောက်နေခဲ့သည်မှာ ကြာမြင့်နေပြီးဖြစ်သည့် သွေးကွက်များစွာကိုလည်း ထိုနေရာပတ်ပတ်လည်၌ တွေ့နိုင်သည်။

"ဒီနေရာမှာ လူတော်တော်များများ သေခဲ့တဲ့ပုံပဲ...။"

"ဒီနေရာက မင်းထင်ထားသလိုတော့ လုံခြုံမှုရှိပုံ မရဘူး...။"

"မင်းအနေနဲ့ ဖွင့်မဖွင့်ကို သေချာစဥ်းစားဖို့ လိုတယ်...။"

ထိုအခိုက်....။

တစ်ချိန်လုံး နှုတ်ဆိတ်နေသည့် ရန်ကျဲမှာ ထိုနေရာ၏ ထူးဆန်းနေမှုကိုမြင်ပြီး မနေနိုင်တော့ပဲ သတိပေးလိုက်ခြင်း ဖြစ်သည်။

"ဒီနေရာမှာရှိတဲ့ နတ်ဆိုးစွမ်းအင်တွေကလည်း အခြားနေရာတွေထက် ပိုပြီးတော့ကို သိပ်သည်းနေတာပဲ....။"

"တော်သေးလို့ပေါ့...။"

"ဒီလိုဖြစ်လာနိုင်တာကိုသိပြီး ငါဆေးလုံးတွေကို ပြင်ဆင်ထားခဲ့တယ်...။"

"မဟုတ်ရင် ဒီနတ်ဆိုးစွမ်းအင်တွေကြောင့် ငါ့အသိစိတ်တောင်မှ လွတ်သွားခဲ့နိုင်တယ်...။"

"ဆရာ ထပ်ပြီးပြောမနေနဲ့တော့....။"

"ငါ ဒီအခွင့်အရေးကို စောင့်ဆိုင်းနေတာ ကြာလှနေပြီ....။"

ရန်ကျဲ၏ သတိပေးစကားကို ရီချန်ဂရုမစိုက်ပေ။

သူ့ထံရှိသည့် လျို့ဝှက်နယ်မြေသော့အား ကြေးနီတံခါးသို့ တပ်လိုက်တော့သည်။

ကိစ္စတွေက ဤအဆင့်ရောက်နေမှတော့ ရန်ကျဲ၏ စကားတစ်ခွန်း နှစ်ခွန်းကြောင့် သူစိတ်ပျော့သွားလိမ့်မည် မဟုတ်ပေ။

ရှိသေးသည်က ရီလျူလွီနှင့် အခြားသူများမှာ အပြင်ဘက်၌ သားရဲများနှင့် ပြင်းထန်သည့်တိုက်ပွဲကို ဆင်နွှဲနေကြတာ ဖြစ်သည်။

အခြေအနေက အလွန်အရေးကြီးသည့်အဆင့်ထိ ရောက်နေခဲ့၏။

သူအနေနဲ့ မည့်သည့်အရာကိုမှ စဥ်းစားနိုင်တော့မည် မဟုတ်ပေ။

ရန်ကျဲအား ပြန်ပြောပြီးသည်နှင့် သော့ကိုလှည့်ကာ ကြေးနီတံခါးအား ဖွင့်လိုက်သည်။

သူ့ထံရှိသည့် လျို့ဝှက်နယ်မြေသော့မှာ ဖုန်းရွှေသံလိုက်အိမ်မြှောင်နှင့်ပင် ဆင်တူနေသည်။

ပုံစံမှာအလွန်ရိုးစင်မှုရှိပြီး အနည်းငယ်ပင် အက်ကွဲနေသေးသည်။

၎င်းကို သူမတော်တဆ ရရှိခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်က လမ်းမဘေးဆိုင်တစ်ခုတွင် စိတ်ဝိဥာဏ်ကျောက်တုံး အနည်းငယ်မျှဖြင့် သူကံစမ်းခဲ့တာ ဖြစ်သည်။

သူကိုယ်တိုင်သည်လည်း ၎င်း၌ ဤလျို့ဝှက်နယ်မြေ၏ အချက်အလက်များကို ဖုံးကွယ်ထားမည်ဟု ထင်ထားခဲ့ခြင်းမရှိတာ ဖြစ်၏။

"ကရက်.....။"

ထိုအချိန်မှာပဲ ဖုန်းရွှေ သံလိုက်အိမ်မြောင်သော့မှာ အရောင်တစ်လက်လက်တောက်ပလာခဲ့သည်က ကြယ်ရောင်များလင်းလက်နေသလိုပင်ဖြစ်သည်။

ကြေးနီတံခါးမှာလည်း အသွင်ပြောင်းလဲလာခဲ့၏။

မှော်သင်္ကေတများက ၎င်းထံမှာ လွင့်ပျံလာခဲ့ကာ လေထုအတွင်း၌ဆက်စပ်နေကြကုန်သည်။

ထိုအခိုက်မှာပဲ ဖုန်းရွှေ သံလိုက်အိမ်မြောင်သော့မှ ရောင်စုံအလင်းတန်းများက ထွက်ပေါ်လာခဲ့ကာ ကြေးနီတံခါး၏ ထောင့်ရှစ်ထောင့်သို့ စီးဆင်းသွားတော့သည်။

သိပ်မကြာလိုက်ပေ..။

ကျယ်လောင်သည့် အသံနှင့်အတူ ထိုကြေးနီတံခါးကြီးမှာ ပွင့်လာခဲ့တော့သည်။

အတွင်းမှ ထွက်လာသည့် ရှေးကျပြီး ရက်စက်သည့် အငွေ့အသက်တစ်ခုက အတုမရှိသည့် နတ်ဆိုးတစ်ကောင်က နိုးထလာခဲ့သလိုပင်...။

လျို့ဝှက်နယ်မြေတစ်ခုလုံးရှိ ချီစွမ်းအင်များမှာ ထိုနေရာသို့ စုဝေးပျောက်ကွယ်လို့သွားသည်။

မသိရင် ကျောက်တုံးတစ်ခုအား ပင်လယ်ပြင်အတွင်းသို့ ချလိုက်သည့်အတိုင်း အစအနပင်ရှာမရတော့ချေ။

နေရာတစ်ခုလုံး၌ ရှေးကျသည့် ဓမ္မတရားသံက လွှမ်းခြုံလာခဲ့တော့သည်။

၎င်းမှာ အထွဋ်အထိပ်သူတော်စင်တစ်ဦးမှ ကျမ်းစာကိုပိုက်ကာ ကမ္ဘာတစ်ခုလုံးကို ကယ်တင်နေသည့်အသွင်မျိုး ဖြစ်သည်။

တစ်ချိန်ထဲမှာပဲ ဟင်းလင်းပြင်တစ်ခုလုံး၌ ငိုကြွေးသံကြီးနှင့်အတူ ထောာင်ပေါင်းများစွာသော မြင်းများက ပြေးလွှားလာနေခဲ့သလိုပင် တုန်ခါလာခဲ့သည်။

"ငါ...မုန်းတယ်...။"

"သတ်..."

"သတ်...."

"သတ်....."

အတုမရှိ မိစ္ဆာတစ်ကောင်မှ ပြန်လည်မွေးဖွားလာခဲ့သည်နှင့်ပင် တူနေ၏။

ရီချန်၏ မျက်နှာမှာ ဖြူရော်သွားခဲ့၏။

ရပ်နေသည်ပင် ယိုင်နဲ့နဲ့ ဖြစ်လာတော့သည်။

ထိုအသံကြောင့် သူ့၏သွေးသားတွေဆူပွက်လာခဲ့သလိုပင် ခံစားနေရပြီး စိတ်ထဲ၌ထိုအသံမှလာသည့် မုန်းတီးစိတ်များပင်ကူးစက်လာခဲ့သလို ခံစားနေရသည်။

သူ့အနေနဲ့ ကြီးမြတ်သည့်နတ်ဘုရားတစ်ပါးအရှေ့၌ ရောက်ခဲ့သလိုခံစားနေရပြီး ဒူးထောက်ကျသွားခဲ့ရ၏။

ခန်းမအတွင်းရှိ ပုလ္လင်ပေါ်၌ ထိုင်နေသည့် ကြီးကျယ်ခမ်းနားပုံရသည့် ပုဂ္ဂိုလ်တစ်ဦးကို နတ်ဆိုးအရိုန်အဝါများဖြင့် လွှမ်းခြုံထားသော အနက်ရောင်လုံ့ရှည်တစ်ချောင်းစိုက်ဝင်နေသည်ကို ရီချန်တွေ့လိုက်ရတော့သည်။

"ဘယ်မှာလဲ အမွေအနှစ်...။

သိပ်မကြာခင်မှာပဲ ခန်းမအတွင်းရှိ ပတ်ဝန်းကျင်တစ်ဝိုက်ကို ရီချန်းစူးစမ်းကြည့်လိုက်ကာ မနေနိုင်ပဲ ပြောလိုက်မိတော့သည်။

သူ့အသွင်က လမ်းလျှောက်ဖို့ပင် အနိုင်နိုင်ဖြစ်နေရ၏။

သူ့အသားအရည်များပင် အက်ကွဲလာခဲ့သည် ရီချန်ခံစားနေရသည်။

ဤသည်မှာ ဤလျို့ဝှက်မြေပိုင်ရှင်ပုဂ္ဂိုလ်မှ ချန်ရစ်ခဲ့သည့် စွမ်းအားတွေပဲဖြစ်မည်ဟု ရီချန်တွေးမိလိုက်သည်။

သူစိတ်နှလုံးတွေက တုန်ယင်နေရ၏။

၎င်းမှာ အလွန်တရာမှုစွမ်းအားကြီးနေခဲ့တာဖြစ်ပြီး ကြယ်များကိုဖျက်ဆီးပြစ်နိုင်သည်မှာ အကြောင်းမဲ့တော့မဟုတ်ချေ။

"အမွေအနှစ်လား..။"

"အလောင်းပေါ်မှာလေ...။"

ထိုအခိုက် လူငယ်တစ်ဦး၏ အေးစက်စက်လေသံတစ်ခုက ရီချန်နားထဲသို့တိုးဝင်လာခဲ့၏။

ထိုအသံကိုကြားလိုက်သည်နှင့် ရီချန်တောင့်တင်းသွားရသည်။

"ဒီအသံက...။"

"ဘယ်လိုလုပ်ပြီးတော့ ဖြစ်နိုင်မှာလဲ...။"

ရီချန်မျက်လုံးအစုံက အသက်မဲ့သွားတော့သည်။

သူ့တစ်ကိုယ်လုံးကို ရေခဲမြစ်ထဲသို့ နှစ်မြုပ်ခံလိုက်ရသည့်အတိုင်း အေးစက်တောင့်တင်းနေခဲ့သည်။

"ဘာတွေဖြစ်နေတာလဲ...။"

"ဘာကြောင့် ဂူချန်းဂျီက ဒီနေရာကို ရုတ်တရပ်ရောက်လာခဲ့တာလဲ...။"

ရီချန် အနေနဲ့ ၎င်းကို ရိပ်မိခဲ့ခြင်း မရှိပေ။

ရီချန်သူ အထင်မှားနေခဲ့လားဟုပင် စစ်ဆေးမိနေသည်။

ကိစ္စတွေက သူတွေးတောထားသည်ထက် ကျော်လွန်နေချေပြီ ဖြစ်သည်။

"ဂူချန်းဂျီ မင်းဒီကိုဘယ်လိုလုပ်ပြီး ရှိနေရတာလဲ....။"

ရီချန်ခေါင်းလှည့်ကာ မနေနိုင်တော့ပဲ မေးမိလိုက်၏။

သူ့အနေနဲ့ ကိုယ့်ကိုကိုယ် အတတ်နိုင်ဆုံးတည်ငြိမ်အောင် ကြိုးပမ်းနေရခြင်း ဖြစ်သည်။

"ငါလား ရောက်နေတာ ကြာလှပေါ့...။"

"မင်းကသာမမြင်တာ ငါကတစ်ချိန်လုံးမင်းနောက်မှာ ရှိနေခဲ့တာပဲ...။"

"ဒါပေမယ့်လည်း မင်းကငါ့အတွက် တံခါးဖွင့်ပေးနေတာကိုမြင်မှတော့ ငါမနှောက်ယှက်တော့ပါဘူး...။"

ဂူချန်းဂျီ ပေ့ါပေ့ါပါးပါး ပြန်ဖြေလိုက်သည်။

သူ့အသွင်က ကြောင်က ကြွက်ကို ဆော့ကစားနေသည်နှင့်ပင် တူသည်။

"ဒီကိုရောက်လာတဲ့အကြောင်းကို မင်းကိုယ်မင်း ပြန်မေးသင့်တယ်...။"

ဂူချန်းဂျီ ဆော့ကစားနေသည့်အသွင်ဖြင့် ပြောလိုက်၏။

သူ့မျက်လုံးတွေ အနက်ရောင်လှံအပေါ်သို့ကျရောက်သွားခဲ့ကာ ကျေနပ်သည့်အသွင် ဖြစ်လာခဲ့သည်။

၎င်းမှာ သူလိုချင်နေသည့် ဖျက်ဆီးခြင်းရှစ်ပါး နတ်ဆိုးလှံပဲ ဖြစ်သည်။

သူ၏ အကြီးမားဆုံးရည်ရွယ်ချက်ဆိုသည်လည်း မမှားပေ။

ကြည့်ရုံနှင့်တင် ထိုလှံတံမှစွမ်းအားများကို ဂူချန်းဂျီခံစားနေရပြီး ကောင်းကင်ဘုံကိုပင် ဖျက်ဆီးပြစ်နိုင်မည်ဟု ထင်နေမိ၏။

ထိုအခိုက်မှာတော့ ရီချန်၏ မျက်နှာမှာ လွန်စွာပဲ ရတ်ဆိုးအကျဉ်းတန်နေခဲ့ပြီ ဖြစ်သည်။

သူ့အနေနဲ့ ဂူချန်းဂျီ မည်ကဲ့သို့ ရောက်လာခဲ့သည်ကို စဥ်းစားနေခြင်း

ဖြစ်သည်။

သို့သော်လည်း ဂူချန်းဂျီ ဘယ်လိုလုပ်ခဲ့သည်ကိုတော့ သူစဉ်းစားလို့ မရခဲ့ချေ။

"တစ်ယောက်ယောက်က ငါရှိတဲ့နေရာကို သူ့ကိုပြောပြလိုက်တာပဲ ဖြစ်မယ်…။"

"ငါ့နားမှာရှိတဲ့ ဘယ်သူကများ ငါရှိတဲ့နေရာကို သိနိုင်မလဲ…။"

"ဆရာများ ဖြစ်နေမလား….။"

ရုတ်တရပ် တစ်စုံတစ်ခုကိုတွေးမိလိုက်ပြီး ရီချန်တစ်ကိုယ်လုံးပင် တုန်ယင်လာခဲ့သည်။

သူမျက်နှာမှာပို၍ပင် အကျဉ်းတန်လာခဲ့ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ထားမိလိုက်၏။

ထိုအချိန် ဂူချန်းဂျီ၏ အမူအယာမှာပြောင်းလဲသွားခြင်းမရှိပဲ နွေးထွေးဖော်ရွေသည့် အပြုံးကိုပြုံးကာ ပြောလိုက်၏။

"မတွေ့တာကြာပြီနော် အကြီးအကဲရန်…။"

"မိတ်ဟောင်းဆွေဟောင်းတွေမလို့ ထွက်မတွေ့တော့ဘူးလား…။"

"ဆရာ တကယ်ပဲ နင်ဖြစ်နေတာပဲ…။"

ဂူချန်းဂျီ၏ စကားကိုကြားသည်နှင့် ရီချန်ဒေါသအိုးပေါက်ကွဲသွားတော့သည်။

တစ်ဆက်ထဲမှာပဲ လက်ထဲရှိလက်စွပ်ကို ချွတ်ပြစ်လိုက်တော့သည်။

***